
mgyoe.com

# မကောင်းကြံ တန်ပြန်ထိ


အပါအဝင်


# မြန်မာစကားပုံ ပုံပြင်များ





mgyoe.com




ထွက်နေပါပြီ

KN0003

1,000.00 KS

mgyoe.com

mgyoe.com

မင်းကောင်းကြံ့တန်ပြန်ထိ အပါအဝင် မြန်မာစကားပုံ ပုံပြင်များ ကြည်နိုင်
မျက်နှာဖုံးပန်းချီ - ငွေကြည်၊ အတွင်းသရုပ်ဖော် - စောမင်းဝေ
စာမျက်နှာ ၁၅၃ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈ စိတ်ကူးချိုချို၏ ဒုတိယအကြိမ်မှု၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မကောင်းကြံ့တန်ပြန်ထိ
# အပါအဝင်
# မြန်မာစကားပုံ ပုံပြင်များ
# ကြည့်နိုင်

တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ အမှာစကား | (က) |
| ၁။ | မြစ်တစ်ဖက် ဝက်လက်ကင် | ၂ |
| ၂။ | အလျှောက်ကောင်းတော့ အထောင်းသက်သာ | ၆ |
| ၃။ | မကောင်းကြံ တန်ပြန်ထိ | ၁၁ |
| ၄။ | စိတ်မဆိုးဘူး ကွဲပြီးတိုတယ် | ၁၇ |
| ၅။ | ပညာသည် ကြီးငယ်မဆိုသာ | ၂၁ |
| ၆။ | အကြံကုန် ဂဠုန်ဆားချက် | ၃၀ |
| ၇။ | တောင်ငှလည်း တောင်ငှ<br>မောင်းထောင်လည်း မောင်းထောင် | ၃၄ |
| ၈။ | မကောင်းကြံ ဘေးဒဏ်ထိ | ၄၀ |
| ၉။ | ချက်ကြီးနဲ့ ရွှေပန်း | ၄၆ |
| ၁၀။ | အောင့်နိုင်လျှင် အကျိုးရှိ စောင့်နိုင်လျှင် သူခိုးမိ | ၅၀ |
| ၁၁။ | စူဠလိပ် ရေထဲချ | ၅၈ |
| ၁၂။ | လေက်တိုနဲ့ ညှို တစ်ကျိတ်တည်း | ၆၃ |


mgyoe.com

mgyoe.com


၁၃။ ဆရာကို မာန်ခု အုတ်ခဲထုခံရသည် ၆၉
၁၄။ ကြောင်လျှာပင် အခါးကောင်း၍ မိကျောင်းလျှာမရှိ ၇၇
၁၅။ ကောက်ညှင်းမနပ် အရပ်အပြစ်တင် ၈၂
၁၆။ ဘုန်းရှိပစ္စည်း ဘုန်းမဲ့မပိုင် ၈၆
၁၇။ ဥစ္စာမရှိက မခင်၊ ဥစ္စာရှိက သခင် ၉၀
၁၈။ အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ် ၉၄
၁၉။ မင်းလောင်းမှန် ဖုသသရထားဆိုက် ၉၈
၂၀။ ယုန်နှာစေး ဘေးလွတ် ၁၀၅
၂၁။ ကံကုသိုလ်ဆိုင်သော်လည်း မပိုင်စားရ
ကံမွဲပစ္စည်း ကံကြီးရောက် ၁၁၀
၂၂။ ကျားဆရာ ကြောင် ၁၁၆
၂၃။ လိပ်ပတ်လည် ၁၂၃
၂၄။ သမင်မွေးရင်း ကျားစားရင်း ၁၂၆
၂၅။ အရင်းစစ် အမြစ်မြေ ၁၃၄
၂၆။ ဥပါဒါန်ကြောင့် ဥပဒ်ရောက် ၁၃၈
၂၇။ လိပ်ခဲတည်းလည်း ၁၄၄
၂၈။ ကျားသေမှ လူစွမ်းကောင်းပေါ် ၁၄၉


■

mgyoe.com

mgyoe.com

# စာရေးသူအမှာ

ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအသီးသီး လူမျိုးအဖုံဖုံတို့တွင် စကားပုံများ ရှိကြပါသည်။

စကားပုံဟူသည်စကားကို ထိရောက်ရန်၊ အဓိပ္ပာယ် ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ရှင်းလင်းစေရန် ပုံဆောင်တင်စားခိုင်းနှိုင်း၍ ပြောဆိုသော ဆိုထုံးစကားရပ် ဖြစ်ပါသည်။

စကားပုံကို ရှေးလူကြီးသူမများသည် ဆုံးမသွန်သင်လိုသော အခါများ၀ယ် များသောအားဖြင့် ထိရောက်အောင် ထည့်ညှပ်သုံးနှုန်းတတ်ကြသည်။ ယင်းအစဉ်အလာသည် ကောင်းသောအစဉ်အလာ ဖြစ်၍ ယနေ့တိုင်ပင် ဆက်ခံသုံးစွဲကြပါသည်။

"မြန်မာတို့သည် ကိုယ်ကျင့်တရားသဘော ရှာခြင်း၊ ပြောဟောလိုခြင်းတို့ကို နှစ်သက်ကြသည်။ မြန်မာစကားပုံများတွင် ထိုအချက်၏ အရိပ်အယောင်ကို တွေ့နိုင်သည်" ဟု ဆရာကြီး ဦးဖေမောင်တင် ရေးခဲ့ဖူးသည်။

မြန်မာစကားပုံများသည် နိပါတ်တော် ဇာတ်ဝတ္ထုများနှင့်

mgyoe.com

mgyoe.com

လည်းကောင်း၊ ရာဇဝင်သမိုင်းများမှလည်းကောင်း၊ ရှေးဟောင်းပုံပြင်များမှလည်းကောင်း၊ ပျို့ကဗျာ လင်္ကာများမှလည်းကောင်း ထုတ်နုတ်တင်ပြ သုံးစွဲကြသည် များပါသည်။

တကယ်တော့ မြန်မာစကားပုံတို့သည် မြန်မာတို့၏ ဇဝနဉာဏ်၊ စိတ်ကူးဉာဏ်တို့မှလည်းကောင်း၊ အချို့မှာ နက်နက်နဲနဲ တီထွင်ထား၍ လူ့သဘော လူ့သဘာဝတို့ ပါဝင်ပါသည်။ အချို့မှာ ဥပဒါန်အစွဲအလမ်းဟောင်းတို့ကို စားမြုံ့ပြန်ထားသည်လည်း ရှိ၏။ အချို့မှာ သဘာဝအယူအဆ အတွေးအခေါ်များ ပါဝင်သည်။ အချို့မှာ အမြီးအမောက်မတည့်သည့် လူတို့၏ လုပ်ရပ်၊ ဖြစ်ရပ်တို့ကို သရော်လှောင်ပြောင်ထား၍ အချို့မှာ ရယ်ရွှင်ဖွယ် ဖြစ်သည်။ အချို့မှာ သင်ခန်းစာယူဖွယ် ဖြစ်သည်။ အားလုံးသည် မှတ်သားဖွယ်ရာ ဖြစ်ပါ၏။

မြန်မာတို့တွင် ထုံးဟောင်းပုံပြင် များစွာရှိပါသည်။ အချို့ပုံပြင်မှာ တရားစီရင်ရေးနှင့် ဆိုင်ရာ၊ အချို့မှာ ရာဇဝင်သမိုင်းဖြစ်ရပ် သာဓကတို့ ဖြစ်ပါသည်။ အချို့မှာ ဘုရားဟော နိပါတ်တော်လာဇာတ်ဝတ္ထုပုံပြင်များ ဖြစ်ပါသည်။ စကားပုံ ဖြစ်စဉ်ပုံပြင်များလည်း ပါဝင်ပါသည်။

ယခု မှတ်သားဖွယ်ရာ စကားပုံ ပုံပြင်များစာအုပ်တွင် ကလေးသူငယ်များ၊ လူငယ် လူရွယ်များအတွက် ရည်ရွယ်၍ အရပ်ရပ်သော စာအုပ်စာပေ ကျမ်းဂန်များမှ မွေနှောက် ထုတ်နုတ်၍ တင်ပြလိုက်ပါသည်။ အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရပြီး မှတ်သားဖွယ်ရာ ဖြစ်မည်ဟု ယုံကြည်စွာ ရှာဖွေတင်ပြလိုက်ပါကြောင်း။

ကြည်နိုင်

■

mgyoe.com



mgyoe.com

mgyoe.com

# မြစ်တစ်ဖက် ဝက်လက်ကင်

ရှေးသရောအခါက ဆိပ်ကမ်းမြို့တစ်မြို့မှာ ကုန်လှေကြီး တစ်စင်း ရပ်နားထားသတဲ့...။

ရာသီဥတုကလည်း အလွန်အေးချမ်းလှတဲ့ ဆောင်းလ ပြာသို ညချမ်းအခါဖြစ်လို့ လှေသူကြီးနဲ့ လှေထိုးသားများဟာ မီးဖိုပြီး မီးဖိုနား ဝိုင်းဖွဲ့ကာ မီးလှုံရင်း ရောက်တတ်ရာရာ ပြောဆိုနေကြသတဲ့။

လှေသူကြီးဟာ စိတ်ကူးရပြီး အပျင်းပြေသဘောနဲ့ ပြောဆိုကြရင်း....

"ဒီမြစ်ထဲမှာ အဝတ်မပါဘဲ တစ်ညလုံး စိမ်နေနိုင်ရင် လှေနဲ့ တကွ လှေပေါ်ရှိ ပစ္စည်းအားလုံး ပေးမယ်" လို့ ပြောလိုက်သတဲ့။

လှေထိုးသားများဟာ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း တုတ်တုတ် မလှုပ်ကြဘူးတဲ့။ အဲဒီအခါမှာ လှေထိုးသားတစ်ယောက် က....

"တကယ်ပေးမလား တကယ်ပေးရင် ကျွန်တော် ရေဆင်း စိမ်ပါ့မယ်" လို့ ပြောသတဲ့။ "စိမ်နိုင်ရင် ပေးမယ်၊ မစိမ်နိုင်ရင် တစ်သက်လုံး ကျွန်ခံရမယ်" လို့ လှေသူကြီးက အလောင်းအစားလုပ်ပြီး

mgyoe.com

ဒီလောက်အေးတဲ့အချိန် တကယ်မစိမ်နိုင်ဘူးလို့ ယုံကြည့်တာကြောင့် မခံချင်အောင် မေးလိုက်သတဲ့။

"စိမ်မလား"

"စိမ်မယ်၊ အရှင်သာ ကတိတည်ပါစေ" လို့ဆိုကာ လှေထိုးသား များ ကြည့်နေစဉ်မှာပဲ နံငယ်ပိုင်းနဲ့ မြစ်တွင်းကို ဆင်းလေသတဲ့။

လှေထိုးသား အဲဒီလိုရေစိမ်တဲ့ ညမှာပဲ မြစ်ရဲ့တစ်ဖက်ကမ်း မှာ အမှိုက်ပုံတစ်ပုံဟာ မီးစွဲလောင်နေသတဲ့။

လှေထိုးသားဟာ တစ်ညလုံး အလွန်အေးစိမ့်နေပေမဲ့ ဆင်းရဲတွင်းက လွတ်ဖို့ ဒီနည်းပဲရှိတယ်လို့ တွေးပြီး ဖွဲနပဲနဲ့ တွန့်လိမ်တောင့်ခံနေသတဲ့။

ဒီလိုနဲ့ တစ်ညလုံး ဖွဲခတ်ရင်းနဲ့ပဲ တစ်ညတာလွန်မြောက်လို့ မိုးသောက်ရောက်ခဲ့ပါရော။ လှေထိုးသားဟာ ရေမှတက်လာပြီး လှေသူကြီး ဆီသွားကာ....

"အရှင် လှေသူကြီး၊ အရှင့်ကတိအတိုင်း လှေနဲ့ လှေပါကုန်တို့ ကို ပေးပါတော့"လို့ တောင်းဆိုသတဲ့။

တစ်ညလုံးရေစိမ်ရင် အအေးပတ်ပြီး သေရင် သေ၊ မစိမ်နိုင်လို့ ကမ်းပေါ်တက်လာရင်လည်း စည်းကမ်းနဲ့ မညီလို့ ပေးဖို့မလိုဘဲ မိမိ ကတောင် ပိုခိုင်းအားရှိတယ်၊ တစ်သက်လုံး ကျွန်ပြုနိုင်မယ်လို့ မလွဲ မသွေတွက်ထားတဲ့ လှေသူကြီးဟာ မိမိတွေးထင်ချက် တက်တက် စင်လွဲပြီး တကယ်ပေးရမည်ဆိုတဲ့အခါ မပေးချင်ဘဲ ဉာဏ်များလာသတဲ့။

"မင်း တစ်ညလုံး စိမ်နိုင်မှာပေါ့၊ ဟိုဘက်ကမ်းမှာ မီးပုံကြီး ရှိနေတာကိုး၊ ဒီမီးအရှိန်နဲ့ မီးလှုံရင်း စိမ်တဲ့အတွက် စည်းကမ်းချက်နဲ့ မညီတာကြောင့် ငါ မပေးနိုင်ဘူး" လို့ ငြင်းသတဲ့။

အဲဒီအခါမှာ လှေထိုးသားလည်း မတရားဘူးလို့ ဆိုပြီး တရားရုံးကို တိုင်တော့သတဲ့။

mgyoe.com

mgyoe.com

တရားသူကြီးက နှစ်ဖက်စကား ကြားနာပြီး မင်းချင်းတို့ကို ဈေးမှာ ဝက်လက်တစ်ခု ဝယ်ခိုင်းလေသတဲ့။

ဝက်လက်ရလျှင် လှေသူကြီးကို တစ်ဖက်ကမ်းမှာ မီးဖိုစေပြီး...

"ဒီဘက်ကမ်းကနေ တစ်နေ့လုံး မီးကင်ယူလာခဲ့ရမည်၊ ညနေမှ ရုံးတော်သို့ ပြန်လာခဲ့ရမည်" လို့ စေလွှတ်ပြီး မင်းချင်း အစောင့် ပရိသတ်များကိုပါ စောင့်ကြည့်စေသတဲ့။

လှေသူကြီးဟာ ဝက်လက်ကို ယူပြီး တစ်ဖက်ကမ်း မီးပုံမှ ဒီဘက်ကမ်းက တစ်နေကုန်ကင်ပါသော်လည်း ညအချိန်အထိ မကျက်နိုင်ဘဲ အစိမ်းသက်သက်ပဲ ရှိနေသတဲ့။

ဝက်လက်မှာ ညနေတိုင်အထိ မထူးခြားတဲ့အတွက် ရုပ်သိမ်း ယူခဲ့စေပြီး တရားသူကြီးဟာ လှေသူကြီးကို ပြောသတဲ့။

"အသင်လှေသူကြီး ဟိုဘက်ကမ်းက မီးရှိန်ဟာ ဒီဘက်ကမ်း ကို ဘယ်လိုမှ အကျိုးသက်ရောက်မှု မရှိဘူးဆိုတာ သင်ကိုယ်တိုင် သိပြီ မဟုတ်လား၊ သင်သည် ကောက်ကျစ်စဉ်းလဲ၍ ငြင်းဆိုခြင်း ဖြစ်တယ်။ ကတိအတိုင်း လှေနှင့်တကွ လှေပါကုန်တို့ကို လှေထိုးသား အား ပေးစေ" လို့ အမိန့်ချမှတ်လိုက်သတဲ့။

ဤသာဓကကို ထောက်ထားပြီး 'မြစ်တစ်ဖက် ဝက်လက်ကင်' လို့ စကားပုံပြု ပြောဆိုလာခဲ့ကြသတဲ့။

အဲဒီပုံပြင်မှာ လှေသူကြီးက မြစ်ရေထဲစိမ်မလားလို့ မေးပြီး လှေထိုးသားက 'စိမ်မယ်' လို့ အလောင်းအစား ပြုကြတာကို အစွဲ ပြုပြီး ယခုအခါ တစ်ခုခု အလောင်းအစားလုပ်ရင် 'စိမ်မလား' 'စိမ်မယ်' ဆိုတဲ့ အသုံးအနှုန်းဖြစ်ပေါ်လာတယ်လို့ ပညာရှင်များက ဆိုကြပါတယ်။

■

mgyoe.com



mgyoe.com

mgyoe.com

# အလျှောက်ကောင်းတော့ အထောင်းသက်သာ

ရှေးအခါတုန်းက ရွာတစ်ရွာမှာ ဆင်းရဲသား ငယ်သူငယ်ချင်း သုံးယောက်ရှိကြသတဲ့။

သူတို့သုံးယောက်ဟာ ဆန်ပြာ မောင်းထောင်းလုပ်ရင်း အသက် မွေးဝမ်းကျောင်းကြရသတဲ့။ တစ်ဦးက မောင်းတံကို ခြေနဲ့နင်း မောင်းထောင်းရတဲ့အခါ တစ်ယောက်က မောင်းကြွခိုက် မောင်းဆုံတွင်း လက်နဲ့နှိုက်ပြီး ဆန်ကို မွှေရတယ်။ ကျန်တစ်ယောက်က မောင်းဆုံထိပ် ကနေပြီး ဆန်မှုန့်ဖြူ ဆန်မှုန့်ကြမ်းကို စစ်ယူရရှိဖို့ ဒိုင်းခွက်နဲ့ ဆင့်ချ ခါချပြီး ပြာတီးရတယ်။

အဲဒီလိုနဲ့ သူတို့ဟာ နေ့စဉ် တက်ညီလက်ညီ ခါးတောင်း မြှောင်မြှောင်ကျိုက်ပြီး မောင်းဦးမှာထိုင် ဒိုင်းခွက်ကိုင်ပြီး ကိုယ်ကို ယိမ်းယိုင်ပြီး ရှေ့ထိုးလှုပ်ခါကာ ဆန်မှုန့်ကိုတစ်ယောက်က ပြာရစဉ် အခြားတစ်ယောက်က မောင်းဦးမှာပဲ ထိုင်ပြီး သတိကြီးစွာဖြင့် မောင်းအကြွ လက်နှိုက်ကာ ဆန်မှုန့်ကို မွှေလိုက် မောင်းတံအကျ လက်ရုပ်လိုက်နဲ့ အခြားတစ်ယောက်ကတော့ မောင်းတံအရင်းအစပ် ကနေ မတ်တတ်ရပ်ပြီး မောင်းတံအဖျားကို နင်းချည် ကြွချည်နဲ့ ဆန်ကို ဖြူစေဖို့ မောင်းထောင်းရတယ်။

mgyoe.com

အဲဒီလိုဘဝမှာ နဖူးကချွေး ခြေမကျအောင် အတူတကွ လုပ်ကိုင်ကြစဉ် အချင်းချင်း ကတိကဝတ်ပြုကြသတဲ့။ နောင်တစ်ချိန်မှာ ကောင်းစားကြီးပွား စီးပွားဖြစ်သူက ကျန်နှစ်ယောက်ကို ထောက်ကူမစ ချီးမြှင့်ကြစတမ်းလို့ သစ္စာပြုကြတယ်။

နောင်အခါကာလကြာတော့ သူငယ်ချင်းသုံးဦးထဲက မောင်းတံကို အရင်းအစပ်ကနေ မတ်မတ်ရပ်ပြီး နင်းချည် ကြွချည်နဲ့ မောင်းနင်းရှိတဲ့ သူငယ်ချင်းတစ်ဦးဟာ တိုင်းပြည်တစ်ပြည်မှာ ရှင်ဘုရင် သွားဖြစ်သတဲ့။ ကျန်သူငယ်ချင်းနှစ်ယောက်ကတော့ ကျပ်တည်းဆင်းရဲစွာနဲ့ပဲ လုပ်ကိုင်စားသောက်နေရတာပေါ့ကွယ်။

ဆင်းရဲဒုက္ခရောက်နေတဲ့ သူငယ်ချင်းနှစ်ဦးဟာ သူတို့ရဲ့ ငယ်သူငယ်ချင်း တိုင်းပြည်တစ်ပြည်မှာ ရှင်ဘုရင်ဖြစ်နေကြောင်း သတင်းကောင်းကြားသိရတဲ့ တစ်နေ့မှာ ထားခဲ့ကြတဲ့ကတိအတိုင်း မဆိုင်းမတွ ထိုတိုင်းပြည်ကို လိုက်သွားကြသတဲ့။

တို့တော့ တစ်ခါဖြင့် ဆင်းရဲတွင်းက လွတ်ပြီဆိုပြီး နှစ်ယောက်သား မျှော်လင့်တကြီးနဲ့ တက်ကြွနေကြတာပေါ့ကွယ်။

သူငယ်ချင်း ရှင်ဘုရင်ရဲ့တိုင်းပြည်ရောက်တော့ နှစ်ဦးသား တိုင်ပင်ပြီး တစ်ယောက်စီ ဘုရင့်ရှေ့တော်မှောက်ဝင်ကြသတဲ့။ ရှင်ဘုရင်ဟာ ရှေးဦးစွာ ဝင်ရောက်ခစားလာတဲ့ သူငယ်ချင်းတစ်ယောက်ကို မြင်မြင်ချင်းပဲ ငယ်သူငယ်ချင်းဟောင်းဖြစ်ကြောင်း မှတ်မိသိရှိသတဲ့။

ဒါပေမဲ့ မှူးမတ်ဗိုလ်ပုံအလယ် ရာဇဣန္ဒြေဆည်စွာနဲ့နေမှ သင့်မယ်လို့ တွေးပြီး တစ်ခါမှ မသိဖူး မမြင်ဖူးဟန်နဲ့....

"မွဲခြောက်ခြောက်ကျောပြင် ဆင်းရဲသားအသွင်နဲ့ ဆင်းပြင် လျှာမတင့် ငါဘုရင်ရှေ့တော်ပါး ကိုးရိုးကားရား အခစားဝင်ရဲ့.... ဟဲ့.... ဘယ်သူလဲ မောင်မင်း" လို့ ခပ်တင်းတင်း မေးလိုက်တယ်။

mgyoe.com
mgyoe.com

mgyoe.com

အဲဒီအခါ မနပ်မပါး အရိုးခံသကောင့်သား ဆင်းရဲသားက "မှန်လှပါ အရှင်ကိုယ်တော်မြတ် ငတ်ပြတ်ဆင်းရဲစဉ်အခါက ဆန်ပြာ မောင်းထောင်းဖက် ငယ်သူငယ်ချင်းဟောင်း အဆက်ပင် ဖြစ်ပါတယ်" လို့ အမှန်အတိုင်း လျှောက်တင်လိုက်တယ်။

အဲဒီအခါ ရှင်ဘုရင် ကိုယ်တော်မြတ်က မဟာအရှက်တော်ကွဲ ရွှေမျက်နှာမည်းပြီး "နည်းနည်းမှ ငါမသိ မမြင်စဖူး ဒီအရူး သကောင့် သားကို နန်းဦးက ဆွဲထုတ် ရိုက်ပုတ်ထုထောင်း မြို့ပြင်ကို မောင်းထုတ် လိုက်" လို့ တစ်ချက်လွှတ် မိန့်တော်မူတယ်။

အဲဒီလိုနဲ့ အလိမ္မာ အသိခေါင်းပါး သူငယ်ချင်းဟောင်း ဆင်းရဲသား ဟာ မှူးမတ်များ ထောင်းထုချက်ကြောင့် ခါးစောင်းပြီး မရှုမလှ ပြန်ခဲ့ရသတဲ့။

မြို့ပြင်တံခါးထောင့်က လည်တရှည်ရှည်နဲ့ စောင့်မျှော်နေတဲ့ ကျန်သူငယ်ချင်းက ရှုံ့မဲ့ပြန်လာတဲ့ သူငယ်ချင်းရဲ့အသွင် မြင်ရုံနဲ့ အခြေမလှကြောင်း ရိပ်မိသတဲ့။ အဲဒါနဲ့ အကြောင်းစုံ ရေလည်အောင် မေးမြန်းစုံစမ်းပြီး သူ့အတွက် ဘာမှမစိုးရိမ်ရန် မှာကြားကာ ဘုရင့် ရွှေ့တော်သို့ တစ်ဖန်ဝင်ပြန်သတဲ့ကွယ်။

ရှင်ဘုရင်လည်း လာပြန်ပြီ တစ်ယောက်လို့ ဝင်လာလာချင်း ငယ်သူငယ်ချင်းမှန်း မှတ်မိသိရှိသော်လည်း ရှေးနည်းအတူ မသိဟန်ဆောင် ပြီး မေးမြန်းပြန်သတဲ့။

ဒီအခါမှာ ဒုတိယဝင်လာတဲ့ သူငယ်ချင်းက ပထမသူငယ်ချင်း ရဲ့ သင်ခန်းစာကို နှလုံးသွင်း လိမ္မာပါးနပ်စွာနဲ့လျှောက်တင်မှ တော်မယ် လို့ စိတ်ကူးကြံစည်မိပြီး...

"နန်းဦးသခင် အို... အရှင်မင်းမြတ်...

အရှင်သည် ဟိုယခင်ကာလ မောင်းထောင်းမြို့ကို တိုက်ခိုက်ရန်

mgyoe.com

mgyoe.com

အတွက် ကြွချည် နင်းချည် ခြေသည်းတပ်ကို ကြပ်မတ်အုပ်ချုပ်ခဲ့စဉ်က အားအင်မယုတ် အကျွန်ုပ်သည် မဆုတ်မယိုင် တပ်ဦးတွင် ကြံ့ကြံ့ခိုင် ငုတ်တုတ်ထိုင်ပြီး ဒိုင်းကိုင်လျက် အတူတိုက်ခိုက်ခဲ့သူ ဖြစ်ပါသည် ဘုရား" လို့ အဖြေအဖြစ် တင်လျှောက်လိုက်သတဲ့။

အဲဒီအခါ ရှင်ဘုရင်ကိုယ်တော်မြတ်ဟာ မနောကြည်မွေ့ သဘောတော်ခွေ့လို့ ဟိုယခင်ကာလ ဆင်းရဲသားဘဝက အတူတကွ ရုန်းကန်လုပ်ကိုင်ခဲ့ကြရတဲ့ မောင်းထောင်းဆန်ပြာ အမှုကို မျှော်ရှုစဉ်းစား ပြီး မိမိကား မောင်းရင်းကနေ နင်းချည် ကြွချည်ဖြင့် မောင်းထောင်းခဲ့ရ သည်။ ဤသူငယ်ချင်းကား မောင်းဦးတွင် ငုတ်တုတ်ထိုင်ပြီး ဒိုင်းခွက် ကို ကိုင်ကာ ဆန်ပြာခဲ့ စင်ခဲ့ရပေတယ်ဟု ပြန်လည်အောက်မေ့ စေ့စေ့ တွေးမိတယ်။ သူငယ်ချင်းချင်း အပြန်အလှန် ကောင်းစားသူက ကြည့်ရှု ကြစတမ်းထားခဲ့ကြတဲ့ သစ္စာကတိကိုလည်း ဆင်ခြင်မိလာသတဲ့။

အခွင့်အခါအလျောက် တင့်တယ်လျောက်ပတ်အောင် လိမ္မာ ပါးနပ်စွာ တင်လျှောက်တတ်တဲ့သူငယ်ချင်းကိုလည်း ချီးမြှင့်မှ တော်မယ် လို့ ရွှေဉာဏ်ရှင် ဆင်ခြင်မိပြီး....

"အဟမ်း... မောင်မင်းသည် ငါ၏အမှုတော်တာဝန်ကို ဒိုင်းကိုင် လျက် ကျေပွန်စွာ ရွပ်ရွပ်ချွံချွံ ထမ်းဆောင်ခဲ့သည့်အလျောက် ဒိုင်းဝန် ရာထူး၌တည်စေ" ဟု အမိန့်တော်ချကာ ဒိုင်းဝန်အဖြစ် ခန့်အပ်လိုက်သတဲ့။

ဤပုံပြင်ကို ထောက်ရှုပြီး ပညာရှင်တို့ဟာ "အလျှောက် ကောင်းတော့ အထောင်းသက်သာ... ဟုလည်းကောင်း၊ နှုတ်ကောင်း တော့ ပြည်စိုး... ဟု တစ်သွယ်" စကားပုံပြုကြတယ်။ ဒါကြောင့် စကားကို တစ်ဖက်သားနားဝင်ချိုအောင် လိမ္မာပါးနပ်စွာ ယဉ်ကျေးစွာ ပြောဆိုသင့်ကြပေတယ်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


## မကောင်းကြံ တန်ပြန်ထိ

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုသတဲ့။ အဲဒီအချိန်မှာ ဟိမဝန္တာအရပ်မှာရှိတဲ့ လိုဏ်ဂူတစ်ခုမှာ ဆိတ်အုပ်တစ်အုပ်နေတယ်။ လိုဏ်ဆိုတာ လေမိုးလုံတဲ့ မြေကျောက်အခေါင်းကြီးပေါ့ကွယ်။ အဲဒီလိုဏ်နဲ့ မနီးမဝေးမှာရှိတဲ့ လိုဏ်တစ်ခုမှာတော့ မြေခွေးလင်မယားနေသတဲ့။

မြေခွေးဟာ ဆိတ်တစ်အုပ်က ဆိတ်ကို အလစ်ချောင်း ဖမ်းယူစားသောက်တတ်ပြီး အသားတစ်ကို ကိုက်ချီကာ မယားမြေခွေးမထံ ယူလာကာ ကျွေးမွေးတတ်တယ်။ မြေခွေးလင်မယားဟာ ဒီလိုနဲ့ ဆိတ်သားစားကာ ဆူဖြိုးနေကြတာပေါ့ကွယ်။ ဖမ်းယူစားသောက်ဖန်များလာတဲ့အခါ ဆိတ်အုပ်ဟာ တဖြည်းဖြည်း လျော့ပါးကုန်ဆုံးလာတယ်။

ဒါပေမဲ့ မေဏ္ဍကမာတာလို့ ခေါ်တဲ့ ဆိတ်မဟာ ပါးနပ်လိမ္မာပြီး ပညာရှိတာကြောင့် မြေခွေးဟာ မဖမ်းယူနိုင်ဘဲ ကြွင်းကျန်နေသတဲ့။

တစ်နေ့မှာ မြေခွေးက မြေခွေးမကို ခေါ်ပြီး...

mgyoe.com

mgyoe.com

"ရှင်မ ငါတို့ စားလို့ ဆိတ်အုပ်ကုန်ပြီ။ မေဏ္ဍကမာတာဆိတ်မသာ ကျန်တော့တယ်၊ ရှင်မ အဲဒီဆိတ်မနဲ့ အကျွမ်းဝင်အောင် မိတ်ဖွဲ့ချေပါ။ အကျွမ်းဝင်တဲ့အခါ ငါက သေချင်ယောင်ဆောင်နေမယ်။ ငါ့ကို သင်္ဂြိုဟ်ရာမှာ သင်ဆိတ်မ ကူညီပါလို့ ပြောပြီး ဆိတ်မကို ပါအောင်ခေါ်ခဲ့။ အနီးကိုရောက်တာနဲ့ ငါက ခုန်အုပ်ပြီး ကိုက်သတ်လိုက်မယ်။ ပြီးတော့ ငါတို့လင်မယား တဝကြီး စားသောက်ကြတာပေါ့" လို့ ပြောလိုက်တယ်။ မြေခွေးမကလည်း 'ကောင်းပြီ' လို့ ဝန်ခံပြီး ဆိတ်မနဲ့ အဆွေခင်ပွန်း သွားဖွဲ့တော့သတဲ့။

ဒီလိုနဲ့ မြေခွေးမဟာ ဆိတ်မနဲ့ မိတ်ဖွဲ့လို့ အကျွမ်းတဝင် ရင်းနှီးလာတယ်။ တစ်နေ့မှာ မြေခွေးမှာတဲ့အတိုင်း...

"ငါ့ယောကျ်ားသေလို့ လိုက်ပြီး ကူသင်္ဂြိုဟ်ပေးပါ" လို့ မြေခွေးမက သူတို့နေရာကို ခေါ်တယ်။

အဲဒီအခါ ဆိတ်မက "သင့်လင်ဟာ ဆိတ်တွေကို ဖမ်းယူစားသောက်တတ်လို့ ငါ မလိုက်ဝံ့ပါဘူး" လို့ ငြင်းတယ်။

မြေခွေးမက...

"အဆွေဆိတ်မ မကြောက်ပါနဲ့၊ သေပြီးတဲ့ မြေခွေးဟာ သင့်ကို ဘယ်လိုရန်ရှာနိုင်မှာလဲ" လို့ ပြောပြန်တယ်။ ဆိတ်မကတော့ မြေခွေးတွေဟာ ညဏ်များတတ်လို့ကြောက်ကြောင်း၊ မြေခွေးမကလည်း သူ့ယောကျ်ား တကယ်သေဆုံးလို့ အကူအညီလိုလို့သာ ခေါ်ရကြောင်း အတန်တန်ပြောတယ်။

အဲဒီလို မြေခွေးမက မျက်နှာငယ်နဲ့ အတန်တန် ပြောဆို တောင်းပန်တော့ ဆိတ်မက တကယ်သေလို့ဖြစ်မှာပဲလို့ တွေးပြီး မရဲတရဲလိုက်ပါတော့တယ်။

ဒါပေမဲ့ ဆိတ်မက ပါးနပ်တော့ မြေခွေးမကို ရှေ့က သွားစေပြီး

mgyoe.com

သူက နောက်က သတိနဲ့လိုက်တာပေါ့ကွယ်။ သေချင်ယောင်ဆောင်နေတဲ့ မြေခွေးဟာ မြေခွေးမရဲ့ခြေသံကိုကြားရတဲ့အခါ ဆိတ်မပါလာသလား မပါလာဘူးလား သိချင်တာနဲ့ ခေါင်းထောင်ကြည့်လိုက်တယ်။

အဲဒီလို အမှတ်မဲ့ ခေါင်းထောင်ကြည့်လိုက်တာနဲ့ သတိနဲ့လိုက်လာတဲ့ ဆိတ်မဟာ မြင်သွားတာပေါ့ကွယ်။ မြေခွေးမဟာ ယုတ်မာတဲ့သဘောနဲ့ ငါ့ကို သတ်လိုတာကြောင့် သူ့ယောကျ်ား သေနေတယ်ဆိုပြီး လှည့်စားခေါ်ခဲ့တာပဲလို့ ချက်ချင်းသဘောပေါက်တယ်။ ဒါနဲ့ အလျင်အမြန်ပဲ နောက်ကြောင်းကို ရုတ်တရက် ပြန်လှည့်ပြေးတော့သတဲ့။

ဒီအခါ မြေခွေးမလည်း နောက်မှ ပြေးလိုက်ကာ "အဆွေဆိတ်မ အဘယ့်ကြောင့် နောက်ကြောင်းပြန်ပြေးပါသလဲ" လို့ မေးလိုက်တယ်။ ဆိတ်မက "သေပြီဆိုတဲ့ သင့်လင်ဟာ ခေါင်းထောင်ကြည့်တယ်။ သင်တို့ဟာ လှည့်ဖြားတတ်တယ်။ ငါဟာ လှည့်ဖြားတတ်သူကို ရှောင်ကြဉ်တယ်" လို့ ဆိုလိုက်တယ်။ မြေခွေးမဟာ ဆိတ်မပြန်လိုက်ဖို့ အတန်တန်ပြောပေမဲ့ မရတော့ဘူးတဲ့၊ ဒီလိုနဲ့ မြေခွေးဟာ သူ့လင် မြေခွေးထံ ပြန်လာခဲ့ရတယ်။ ရောက်တဲ့အခါ မြေခွေးက...

"ရှင်မ သင်ဟာ တယ်ရူးပါလား၊ ငါ့အနီးကို ရောက်နေခါမှ ဘာကြောင့် ဆိတ်မကို ပြန်ပြေးအောင် လုပ်သလဲ" လို့ ကဲ့ရဲ့တယ်။

အဲဒီအခါ မြေခွေးမက "ငါမရူးဘူး၊ သင်သာ ရူးတာ၊ သေဟန်ဆောင်သူက အချိန်အခါမသင့်ဘဲ ခေါင်းထောင်ကြည့်ရသတဲ့လား၊ သင်သာ ရူးတယ်" လို့ မြေခွေးမက ပြန်ချေပတယ်။

အဲဒီအခါ မြေခွေးဟာ သူ့ရဲ့ သတိလစ်မှုကို သူ ပြန်ဆင်ခြင်မိသတဲ့။ "ငါ့အမှားပါပဲကွာ" လို့ ဝန်ခံသတဲ့။

mgyoe.com

mgyoe.com

ဒီအခါ မြွေခွေးမက "အရှင် မစိုးရိမ်ပါနဲ့ ဒီတစ်ခါ ဆိတ်မ လိုက်ပါလာအောင် ကြံပါဦးမယ်၊ ပါလာတဲ့အခါသာ မလွတ်တမ်း အမိအရ ဖမ်းပေတော့" လို့ လှင်တော်မောင် မြွေခွေးကို အားပေးသတဲ့။

အဲဒီလိုပြောပြီး မြွေခွေးမဟာ ဆိတ်မထံ တစ်ဖန် သွားပြန်တယ်။ ရောက်တဲ့အခါ ပြုံးချိုတဲ့ မျက်နှာပေးနဲ့.... "အဆွေဆိတ်မ... သင် ကျွန်ုပ်တို့နေရာလိုက်ခဲ့တာဟာ ကောင်းသောလာခြင်း ဖြစ်ပါတယ်။ သင်ရောက်လာတာကြောင့် ငါ့ယောကျ်ားက မြောနေရာက သတိပြန်ဝင်လာပြီး ခေါင်းထောင်ကြည့်မိတယ်။ သင်တို့နှစ်ဦး စကားစမြည်ပြောရန် လိုက်ခဲ့ပါဦး" လို့ ခေါ်ပြန်သတဲ့။

ဒီတစ်ခါ ပါးနပ်လိမ္မာတဲ့ ဆိတ်မဟာ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်နေတာကြောင့် စိတ်ထဲက ကျိတ်ပြုံးမိသတဲ့။ ညဏ်နီညဏ်နက်များ ကောက်ကျစ်လှည့်စားတတ်တဲ့ မြွေခွေးမကို တစ်ဖန် ပြန်လှည့်စား ပညာပေးဖို့ အကြံဖြစ်သတဲ့။

ဒါနဲ့ ဆိတ်မက "အဆွေမြွေခွေးမ သင့်ရဲ့ဖိတ်ကြားချက်ကို ငါ လက်ခံပါတယ်၊ ငါဟာ မိတ်ဆွေ အခြွေအရံတွေနဲ့ သင်တို့ဆီကို လာပါမယ်၊ အစားအသောက်သာ စီမံထားပါ" လို့ မှာလိုက်သတဲ့။

...ဒီအခါ မြွေခွေးမဟာ ဆိတ်မရဲ့မိတ်ဆွေ အခြွေအရံဆိုကာ ဘယ်သူတွေလဲ၊ ဘယ်လောက်များမှာလဲလို့လည်း သိချင်သတဲ့။

ဒါကြောင့် "အဆွေဆိတ်မ သင့်ရဲ့မိတ်ဆွေဆိုတာ ဘယ်သူတွေလဲ၊ ဘယ်လောက်များများ ငါတို့အစားအသောက်တွေ စီမံထားရမှာလဲ" လို့ မေးလိုက်တယ်။

ဒီအခါ ဆိတ်မက "ငါ့မှာ မိတ်ဆွေ မြွေခွေးလေးကောင် ရှိတယ်။ တစ်ကောင်လျှင် အခြွေအရံမြွေခွေး ငါးရာစီ ရှိကြတယ်။ ဒါကြောင့် ငါဟာ မြွေခွေးအခြွေအရံ နှစ်ထောင်နဲ့ သင့်ဆီလာမယ်။ အဲဒီမြွေခွေး

တွေ အစာမရရင် သင်တို့လင်မယားကို ကိုက်ဖြတ်စားသောက်လိမ့်မယ်” လို့ ပြောလိုက်သတဲ့ကွယ်။

ဒီတော့ မြေခွေးမလည်း ထိတ်ထိတ်ပျာပျာဖြစ်ပြီး “အဆွေ ဆိတ်မ သင်မလာပါနဲ့တော့၊ သင်ပြောတဲ့အတိုင်း သင့်အိမ်မှခွာလျှင် ဘဏ္ဍာစည်းစိမ်ပျက်လိမ့်မယ်။ အနာရောဂါရောက်လိမ့်မယ်။ အဆွေ ခင်ပွန်းပီသစွာ ငါက တားပါရစေ။ အဆွေဆိတ်မ သင့်အိမ်က မခွာပါ နှင့်” လို့ ကသောကမျော ပြောဆိုကာ လင်ရှိရာသို့ ကြောက်လန့်တကြီး ပြန်ပြေးသွားပါရောတဲ့ကွယ်။

အဲဒီအချိန်ကစပြီး မြေခွေးလင်မယားဟာ ဆိတ်မရှိတဲ့အရပ်သို့ မကျက်စားရဲတော့ဘူးတဲ့ကွယ်။

အဲဒီပုံပြင်လေးကို ထောက်ပြီး ကလေးတို့လည်း ကိုယ့်ကို အကျိုးလိုလားလို့ ပြောသလား၊ ကိုယ့်အကျိုးဆုတ်ယုတ်ဖို့ ပြော သလားဆိုတာ ချင့်ချိန်ကြည့်တတ်ကြဖို့ လိုတာပေါ့ကွယ်။

■



mgyoe.com



mgyoe.com

mgyoe.com

## စိတ်မဆိုးဘူး ကျွဲမြီးတိုတယ်

တစ်ခါတုန်းက ရွာတစ်ရွာမှာ အဘိုးကြီးတစ်ဦးရှိသတဲ့။ အဲဒီအဘိုးကြီးမှာ အင်မတန်ချောလှတဲ့ အပျိုစင်သမီးလေးတစ်ယောက်ရှိသတဲ့ကွယ်။

သူတို့ရွာက ကာလသားတွေဟာ အဘိုးကြီးရဲ့ သမီးချောကိုလိုချင်တာကြောင့် သူ့ထက်ငါ ဝိုင်းဝန်းပိုးပန်းကြသတဲ့။ အဲဒီလို ပိုးပန်းကြသူများတော့ သူ့သမီးကို လက်ဆက်လိုသူဟာ သဘောအင်မတန်ကောင်းသူဖြစ်ရမယ်။

ဘယ်လိုပင် စိတ်ဆိုးအောင်ပြုပေမဲ့ စိတ်မဆိုးရဘူး။ သည်းခံခြင်းတရားနဲ့ ပြည့်စုံရမယ်လို့ ဖွင့်ဟကြေညာထားသတဲ့။

ထိုအခါ လုလင်ပျိုတစ်ဦးဟာ အဲဒီထူးခြားတဲ့သတင်းကိုခံပြင်းလှတာကြောင့် ငါအရယူမယ်လို့ ကြိမ်းဝါးကာ အဘိုးကြီးဆီသွားပြီး အဘိုးကြီးရဲ့သမီးနဲ့ထိမ်းမြားလက်ထပ်ခွင့်ပြုရန် ပန်ကြားပြောဆိုသတဲ့ကွယ်။

အဲဒီအခါ အဘိုးကြီးက "ငါကြေညာထားတဲ့အတိုင်းပ၊ ငါ့သမီးကို လိုချင်ရင် ဘယ်လိုပင်ပြုပေမဲ့ စိတ်မဆိုးရဘူး၊ အကယ်၍ မာန်ခံ

mgyoe.com

mgyoe.com

ရန်ပျိုး၊ သင်စိတ်ဆိုးလျှင်တော့ အဖိုးနည်းများ သင့်ကို ငါရောင်းစား ရမယ်” လို့ ဆိုတယ်။

အဲဒီအခါ လုလင်ပျိုက “စိတ်တိုတဲ့စရိုက် ကျွန်တော်လည်း မကြိုက်ပါဘူး။ လိုက်လိုက်လျောလျော လူတို့ရဲ့သဘောကို တွေးတော ပြီး ထောက်ထားညာတတာ ကြင်နာတဲ့နှလုံးသား ကျွန်တော့်မှာ ရှိပါ တယ်။ အဘိုးက ဘယ်လိုပင် စိတ်ဆိုးလို့ လက်သီးနဲ့ ထိုးသော်လည်း ကျွန်တော် ကျိတ်မှိတ်ခံနိုင်ပါတယ်” လို့ ဝန်ခံချက် ကောင်းကောင်းနဲ့ သမီးကို တောင်းလေသတဲ့။

အဘိုးကြီးကလည်း လုလင်ပျို ဝန်ခံချက်ကောင်းတာနဲ့ မဆိုင်း မတွ သမီးလုနဲ့ ပေးစားလိုက်ရောတဲ့ကွယ်။

အဲဒီလို သမီးလုနဲ့ ပေးစားထိမ်းမြားပြီးတဲ့နောက် အဘိုးကြီးဟာ သူ့သမက် ဝန်ခံချက်နဲ့ ညီ မညီ စုံစမ်းမှု တော်ပေတယ်လို့ စိတ်ကူးမိပြီး အမျိုးမျိုး အကြောင်းရှာသတဲ့။

စိတ်နာအောင်တစ်မျိုး၊ စိတ်ဆိုးအောင် တစ်သွယ် အမည်မည် အမျိုးမျိုးပြုသော်လည်း သမက်သူတော်စင်ဟာ သူ့ဝန်ခံချက်အတိုင်း နာကျင်တဲ့စိတ်ထားနည်းနည်းမှ မပွားဘူးတဲ့။

တစ်နေ့မှာ အဘိုးကြီးဟာ သူ့သမက် လယ်ထွန်နေရာဆီ ခါတိုင်းလို ထမင်းပို့မသွားဘဲ ရှောင်လွှဲနေသတဲ့။

လယ်ကွင်းထဲမှာ တဟင်းဟင်း တဟဲ့ဟဲ့နဲ့ လယ်ထွန်နေတဲ့ သမက်ဟာ ထမင်းစားချိန်တန်ထိ အဘိုးကြီး ခါတိုင်းလို ရောက် မလာတော့ လာရာလမ်းဆီ တမျှော်မျှော် တကြည့်ကြည့်နဲ့ပေါ့ကွယ်။ အလုပ်ကလည်း ပင်ပန်း၊ ဝမ်းကလည်း ဟာ၊ ထမင်းကလည်း ဆာလို့ ခွဲယိုင်မချိ စိတ်တိုလာမိသတဲ့။

တစ်စတစ်စ မျှော်ရင်းမျှော်ရင်း မွန်းတည့်ကနေ မွန်းတိမ်း

mgyoe.com

မွန်းတိမ်းကနေ နေစောင်းလာတော့ ဘယ်လိုမှ ဟန်မဆောင်နိုင်ဘဲ စိတ်ဆိုးဆိုးနဲ့ သူလွယ်ထွန်နေတဲ့ ကျွဲရဲ့အမြီးကို ဓားနဲ့ဖြတ်လိုက်၊ မီးမှာ ဖုတ်ကင်လို့ စားတော့သတဲ့။ အဲဒီလိုနဲ့ ကျွဲရဲ့အမြီးတွေ တိုကုန် တော့တာပေါ့။

အဲဒီလို ကျွဲမြီးတွေ ဖုတ်စားလို့ မကြာခင်မှာပဲ အဘိုးကြီး ရောက်ရှိလာသတဲ့။ အဘိုးကြီးဟာ တည်ကြည်သော မျက်နှာထားနဲ့ သူ့ရဲ့သမက်ကို မေးမြန်းလိုက်တယ်။

"ဘယ့်နှယ်လဲကွ... နံနက်စာ ထမင်းမပို့လို့ မောင်မင်း ငါ့ကို မုန်းယို ရန်ငြိုး မုန်းမာန်ပျိုးလို့ စိတ်များဆိုးမိလေသလား" လို့ စစ်မေးလိုက် သတဲ့။

ထိုအခါ အဘိုးကြီးရဲ့သဘော နားကျေအောင်သိနေတဲ့ သမက် ဘသား ကျွဲမြီးစားက...

"နံနက်စာလျော့ အူခွေပျော့သည်ကြောင့် စိတ်တော့ မဆိုးသာ ကျွဲမြီးများသာ တိုပါသည်" လို့ ပြန်ပြောလေသတဲ့။

အဲဒီအခါမှ အဘိုးကြီးဟာ ထိတ်ထိတ်ပျာပျာနဲ့ ကျွဲများကို ကြည့်လိုက်တဲ့အခါ ကျွဲနှစ်ကောင်စလုံး အမြီးတွေ တုံးနေတာကို တွေ့ရတော့ အပူလုံးကြွ ယူကျုံးမရဖြစ်ရပါသတဲ့ကွယ်။

အဲဒီပုံပြင်လေးကို အမှီပြုပြီး 'စိတ်မဆိုးပါဘူး ကျွဲမြီးတိုသည်' ဆိုတဲ့ စကားပုံဖြစ်ပေါ်လာသတဲ့။

ဤပုံကို ထောက်ရှုလို့ သူတစ်ပါးအပေါ် သတိချပ်ပြီး မလျော်ရာ မပြုမိဖို့ သတိရှိရမတဲ့။ မတော်ရာပြုမိလို့ တစ်ဖက်သားက ဘယ်လိုပင် စိတ်မဆိုးပါဘူးလို့ စိတ်ကောင်းအောင် ပြောတာကို ဟုတ်လှပြီ တော်လှ ပြီလို့ ယုံကြည်ခြင်းမလွယ်ဖို့ ကိုယ်တိုင်ချင့်ချိန်တတ်ဖို့ လိုပါသတဲ့ကွယ်။

■

mgyoe.com



mgyoe.com

mgyoe.com



## ပညာသည် ကြီးငယ်မဆိုသာ

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းကြီး မင်းပြုသတဲ့။ အဲဒီအချိန်မှာ ကိုယ်ဝန်ဆောင် မိန်းမငယ် တစ်ယောက်ဟာ ကိုယ်ဝန်နေ့လစေ့ကို ဖွားမြင်သတဲ့။ ထူးထူးခြားခြား ဖွားမြင်တဲ့အခါ ခြေလက်အင်္ဂါ ကိုယ်ခန္ဓာမပါဘဲ ဦးခေါင်းချည်း သက်သက်သာလျှင် မွေးဖွားသတဲ့။

မိန်းမငယ်လည်း အို မကြားအပ် မမြင်အပ် မသင့်မြတ်လှပါ ကလားလို့ ထိတ်လန့်ရှက်ကြောက်ခြင်းဖြစ်မိသတဲ့။ ဒါနဲ့ လူတွေ မသိစေဘဲ ထိုသန္ဓေသားဦးခေါင်းလုံးကို ရေထဲပစ်ချလိုက်တော့သတဲ့။

အဲဒီလို ရေမှာ ဖျောက်ဖျက်ပြီးလို့ မကြာခင်မှာပဲ နောက်ထပ် ကိုယ်ဝန်ရှိပြန်တယ်။ နေ့လစေ့လို့ ဖွားပြန်တော့ ရှေးနည်းတူပဲ ဦးခေါင်းသာ ဖွားပြန်သတဲ့။ မိန်းမငယ်လည်း ထူးဆန်းလှပါကလား လို့ဆိုပြီး မြေကြီးတူးပြီး မြှုပ်လိုက်ပြန်သတဲ့။

ထို့နောက် ပဋိသန္ဓေတည်ပြန်တယ်။ ဦးခေါင်းချည်း ဖွားပြန် ရောတဲ့။ တစ်ဖန် ရေမှာ ပစ်ချပြန်တယ်။ အဲဒီနောက် တစ်ဖန် ကိုယ်ဝန် ရှိပြန်တယ်။ ဦးခေါင်းချည်း ဖွားပြန်ပါရော။

mgyoe.com

mgyoe.com

ဒီအခါမှာ မိန်းမငယ်က စဉ်းစားတယ်။ "ငါကား မအပ်မရာ ဦးခေါင်းချည်းဖွားတယ်လို့ ရေမှာနှစ်ခါပစ်ချပြီး မြေမှာတစ်ခါ မြှုပ်ခဲ့တယ်။ ယခုတစ်ဖန် ဦးခေါင်းပင် ဖွားပြန်တယ်။ သူ့ကံနဲ့ သူသာ ရှိပါစေတော့" လို့ သဘောထားပြီး ကောင်းစွာပြုစုကြည့်ရှုပြီး မွေးမြူတော့သတဲ့။

အဲဒီလို ပြုစုမွေးမြူလို့ ခုနစ်နှစ်ကြာတဲ့အခါ ငဦးခေါင်း လုလင်လေးက စဉ်းစားသတဲ့။

"ငါ့မိခင်ဟာ ငါ့ကို ကျွေးမွေးပြုစု မွေးမြူလာတာ ခုနစ်နှစ်တောင်ရှိပြီ။ ငါ့အတွက်နဲ့ပတ်သက်ပြီး ငါ့မိခင်ဟာ ဘာမှအကျိုးမခံစားရသေး။ ငါ့မိခင်အား ငါမွေးကျေးဇူးဆပ်သင့်တယ်၊ ဒီတိုင်းပြည်မှာတော့ ငါ့လိုလူမျိုးရှိမယ်မထင်၊ ငါ့ကိုမြင်လျှင် လူတွေ ကရုဏာသက်ဝင်ပြီး ဆုလာဘ်တွေ ပေးကြမှာ အမှန်ပဲ" လို့ တွေးမိပြီး သူ့မိခင်ကိုပြောသတဲ့။ "မွေးမိခင် ဈေးသို့သွားတဲ့အခါ ကျွန်ုပ်ကို ခေါ်ဆောင်သွားပါ။ လူစည်ကားရာ နေရာမှာ ချထားပေးပါ" လို့ ပြောသတဲ့။

မိခင်လည်း သားရဲ့အလိုကို လိုက်လျောပြီး ငဦးခေါင်းကိုတောင်းထဲထည့်ယူကာ ဈေးအတွင်း လူစည်ကားရာနေရာမှာ ချထားလေသတဲ့ကွယ်။

ငဦးခေါင်းကို ပွဲစားလူမိုက်တစ်ဦး မြင်တဲ့အခါ "မတော်တရော် မမြင်အပ် မမြင်ရာကို လူတကာရှေ့မှာ လာထားရသလော" ဆိုပြီး ရိုက်နှက်မောင်းနှင်ပစ်သတဲ့။

အဲဒါကြောင့် မိခင်ဟာ ငဦးခေါင်းကို ပြန်သယ်ဆောင်သွားရတာပေါ့ကွယ်။

ဒါပေမဲ့ ငဦးခေါင်းက နောက်တစ်နေ့မှာ....

"မိခင် ကျွန်ုပ်ကို ဆောင်ယူပါဦး။ လူများရာမှာ မနေရရင် လူပါးရာမှာ ထားပေးပါ" လို့ဆိုသတဲ့။

mgyoe.com

mgyoe.com

မိခင်လည်း သားငဦးခေါင်းဆိုတိုင်း သယ်ဆောင်သွားပြီး လူပါးရာမှာ ချထားပြန်သတဲ့။

အဲဒီလိုချထားလို့ မကြာခင်မှာပဲ မြို့မှာနေတဲ့ ပွဲစားကုန်သည်ကြီး တစ်ဦးဟာ အနီးကိုရောက်လာပြီး ငဦးခေါင်းကို မြင်တဲ့အခါ အလွန် အံ့သြသွားသတဲ့။

"ထူးဆန်းလှပါကလား... တစ်ခါမှ မမြင်စဖူး၊ ဤဦးခေါင်းကို ယူဆောင်ကျွေးမွေးထားပြီး ပွဲရုံမှာထားပါက လူအများလာရောက် ကြည့်ရှုလို့ ငါ့ပွဲရုံ လူစည်ပြီး အရောင်းအဝယ်ကောင်းမယ်" လို့ စဉ်းစားမိသတဲ့။

အဲဒီလို စဉ်းစားပြီး သူ့မိခင်ဆီမှာ ငဦးခေါင်းကို တောင်းပြီး သူ့ပွဲရုံဆီသို့ သယ်ယူသွားသတဲ့ကွယ်။ ကုန်သည်ကြီးထင်တဲ့အတိုင်းပဲ ငဦးခေါင်းကို လူအများ လာရောက်ကြည့်ရှုကြလို့ ပွဲရုံမှာ လူစည်ကား ပြီး အရောင်းအဝယ်လည်း ရှေးကထက် ပိုကောင်းလာသတဲ့။

တစ်နေ့သောအခါမှာ တခြားနိုင်ငံက သင်္ဘောခုနစ်စင်း ဆိုက် ရောက်လာတယ်။ သတင်းအရ သင်္ဘောသားငါးရာစုတို့ဟာ ထူးဆန်း တဲ့ ငဦးခေါင်းကို ကြည့်ရှုဖို့ ပွဲရုံကို ရောက်ရှိလာကြသတဲ့။

ဒီအခါ ငဦးခေါင်းလုလင်က အကြည့်မခံဘဲ "ရှက်တယ်" လို့ ဆိုပြီး အိမ်အတွင်းခန်းကနေလျက် သင်္ဘောသားတွေကို အော်ပြော သတဲ့။

"အသင်တို့ ကုန်များကို တခြားမှာ သွားမရောင်းပါနဲ့၊ ပါလာတဲ့ ကုန်ပစ္စည်းအားလုံးကို ကျွန်ုပ်တို့ဝယ်ပါမယ်" လို့ ပြောဆိုသတဲ့။

အဲဒီအခါမှာ သင်္ဘောသားတွေဟာ ငဦးခေါင်းကို ပိုကြည့် ချင်လာပြီး ပွဲစားကုန်သည်ကြီးထံ ကြည့်ရှုခွင့်ပြုဖို့ ပန်ကြားသတဲ့။

ပွဲစားကုန်သည်ကြီးက "ကျွန်ုပ်သားကို ကြည့်ချင်ရင် သင်တို့

mgyoe.com

mgyoe.com

ပါလာတဲ့ ကုန်ပစ္စည်းအားလုံးကို ကျွန်ုပ်အား ရောင်းချပါ၊ သို့တည်း မဟုတ်လျှင် တစ်ဦးကို ဆယ်သပြာစီ ပေးပါ" လို့ ဆိုသတဲ့။

သင်္ဘောသားတို့ဟာလည်း အလွန်ကြည့်လို မြင်လိုတာကြောင့် သင်္ဘောသူကြီး (၇) ဦးက တစ်ဦးလျှင် အသပြာတစ်ရာစီပေးပြီး ကျန်သင်္ဘောသားငါးရာစု (၇) စုက တစ်ဦးလျှင် ဆယ်သပြာစီပေးလျက် ကြည့်ရှုကြသတဲ့။

ငဦးခေါင်းဟာ ရရှိတဲ့ အသပြာအားလုံးရဲ့တစ်ဝက်ကို မိခင်ရင်းအားပေးပြီး ကျေးဇူးဆပ်ကာ ကျန်တစ်ဝက်ကိုတော့ ဖခင် ပွဲစားကြီးကို ပေးသတဲ့။

သင်္ဘောသားတို့ဟာ ငဦးခေါင်းကို ကြည့်ရှုပြီး "ငါတို့ဟာ ဤထူးဆန်းတဲ့ ငဦးခေါင်းကို နိုင်ငံရပ်ခြားကို သယ်ဆောင်ပြီး ပြသ ရလျှင် ဥစ္စာများစွာ ရမှာပဲ" လို့ စိတ်ကူးကြံစည်မိကြသတဲ့။

အဲဒီလိုကြံစည်ပြီး ငဦးခေါင်းကို သူတို့နဲ့အတူ နိုင်ငံရပ်ခြားသို့ အတူလိုက်ပါရန် ဆွေးနွေးကြသတဲ့။

ငဦးခေါင်းလည်း နိုင်ငံရပ်ခြားသွားရောက်လိုတာနဲ့ သဘောတူ လက်ခံပြီး သင်္ဘောစီးကာ လိုက်ပါသွားတော့သတဲ့။

ဒီလိုနဲ့ သင်္ဘော (၇) စင်းဟာ သီဟိုဠ်ကျွန်းဆီကို ဦးတည်ပြီး တစ်ပြိုင်တည်း ခုတ်မောင်းလာကြသတဲ့။ သင်္ဘော (၆) စင်းကတော့ သီဟိုဠ် ကျွန်းအနီးကို ချောချောမောမော ဆောလျင်စွာ ရောက်ရှိလာခဲ့သတဲ့။

ငဦးခေါင်းပါတဲ့ သင်္ဘောကတော့ ပင်လယ်သမုဒ္ဒရာထဲမှာ တဝဲလည်လည်ဖြစ်ပြီး ကမ်းမမြင် လမ်းမမြင်ဖြစ်နေသတဲ့။

သင်္ဘောသားတွေဟာ ပျာယာခတ် ထိတ်လန့်လာပြီး သမုဒ္ဒရာ စောင့်နတ်တွေကို ပူဇော်ပသကြတယ်။ ဒါပေမဲ့ အချည်းနှီးပဲတဲ့ကွယ်။ ဒီအခါမှာ သင်္ဘောသားတွေ စုဝေးတိုင်ပင်ကြတယ်။

mgyoe.com

mgyoe.com

ငါတို့ဟာ မမြင့်သင့် မမြင်ကောင်း ဒီငဦးခေါင်းကို တင်ဆောင်လာလို့သာ ဒီလိုဖြစ်ရတာပဲ" လို့ဆိုပြီး ငဦးခေါင်းကို ရေထဲ ပစ်ချရန် စီမံကြသတဲ့။

အဲဒီအခါမှာ ငဦးခေါင်းဟာ "အဆွေတို့ ငါ့ကို ရေထဲ ပစ်မချကြပါနဲ့၊ တစ်နာရီအတွင်းမှာ သင်တို့ရဲ့သင်္ဘော (၆) စင်းကို မီအောင် ငါဆောင်ရွက်ပေးပါ့မယ်။ ငါ့ကို ပွဲစင်ထက် တင်ပြီး ကောင်းမွန်တဲ့ ဝတ်စားတန်ဆာဆင်ယင်ပေးပြီးထားပါ" လို့ ပြောပြတောင်းဆိုလိုက်တယ်။

သင်္ဘောသားတို့ဟာ ငဦးခေါင်းပြောတဲ့အတိုင်း ကောင်းမွန်တဲ့အဝတ်တွေ ဝတ်ဆင်ပေးကာ ပွဲစင်ထက်မှာ သန့်ပြန့်စွာ တင်ထားလေသတဲ့။ အဲဒီလိုတင်ထားပြီး ခဏမှာပဲ သင်္ဘောဟာ အဟုန်ပြင်းစွာ ပြေးလို့ အဖော်သင်္ဘော (၆) စင်းကို မီလာပြီး သီဟိုဠ်ကျွန်းကို တစ်ပြိုင်နက်တည်း ဆိုက်ရောက်ကြသတဲ့။

ငဦးခေါင်း သီဟိုဠ်ကျွန်းထက် ရောက်ရောက်ချင်း သီဟိုဠ်ကျွန်းမှာရှိတဲ့ နတ်ဘီလူးတွေဟာ စုဝေး ရောက်ရှိလာကြပြီး ငဦးခေါင်းကို ပန်းနံ့သာတို့နဲ့ ပူဇော်ပသကြတယ်။

သင်္ဘောသားတွေဟာ နတ်ဘီလူးတို့ကို မြင်တဲ့အခါ များစွာထိတ်လန့်ကြောက်ရွံ့ပြီး သီဟိုဠ်ကျွန်းမှ အမြန်ထွက်ခွာကြသတဲ့။ အဲဒီလို အမြန်သင်္ဘောလွှင့်ခဲ့ပေမဲ့ သီဟိုဠ်ကျွန်းသို့သာ ပြန်ပြန်ရောက်နေသတဲ့။ သင်္ဘောသားတွေလည်း ထိတ်လန့်ကြောက်ရွံ့ပြီး စိတ်ညစ်နေကြတာပေါ့ကွယ်။

ဒီအခါ ငဦးခေါင်းက "သင်တို့သားမယားတွေဆီ ကောင်းမွန်စွာ ပြန်ရောက်ချင်ရင် ငါ့ကို ပူဇော်ရှိခိုးပြီးမှ လွှင့်ကြကုန်လော့" လို့ ထုတ်ဖော်ပြောကြားလိုက်တယ်။

သင်္ဘောသားတို့လည်း ငဦးခေါင်းဆိုတိုင်း သန့်ပြန့်စွာထားကာ

mgyoe.com

mgyoe.com

ဝပ်တွားကော်ရော် ရှိခိုးပြီးမှ သင်္ဘောလွှင့်ကြရာ ချောမောစွာပင် ရပ်ရွာဌာနေ ဇာတိချက်ကြွေဆီကို ရောက်ရှိကြသတဲ့။

နတ်ဘီလူးတို့ဟာ ငဦးခေါင်းအား အထူးထူးသော ရုပ်သဏ္ဌာန်ကို ဖန်ဆင်းနိုင်တဲ့ အတတ်ပညာကို သင်ပေးပြီး "အသင်သည် ဤအတတ်ပညာဖြင့် ဗာရာဏသီပြည်တွင် မင်းပြုလော့" ဟုဆိုပြီး ကမ်းစပ်တွင် ချထားကြသတဲ့။

မကြာခင်မှာပဲ ယခင် သင်္ဘောသားများကျွန်းကို ရောက်ရှိလာကြပြီး အပြန်မှာ ငဦးခေါင်းဟာ သင်္ဘောသားတို့နဲ့အတူ ဗာရာဏသီသို့ ပြန်လည်ရောက်ရှိလာတဲ့အခါ ငဦးခေါင်းက ဆင်ခြင်တယ်၊ "ငါကား အတတ်ပညာလည်း ရခဲ့ပြီ၊ ဥစ္စာလည်း ပြည့်စုံပြီ၊ ဤပြည်တွင် မင်းပြုအံ့၊ ငါငယ်စဉ်က ကြီးလျှင် မင်းပြုမည်ဟု မိခင်ကို ပြောခဲ့ဖူး၏။ မိခင်သည် ငါ့အား မင်းပြုရန် မကြံလင့် မင်းကြံကြံလျှင် ခွေးသေသေမည်၊ ခွေးသေသေလျှင် တစ္ဆေပင် မဖြစ်နိုင်ဟု ဟန့်တားခဲ့သည်။ သို့ပေမဲ့ အကြံအခွင့်သင့်လျှင် အပြစ် မရှိရာ" လို့ ကြံပြီး ဗာရာဏသီ မင်းကြီးထံ ထီးနန်းကိုသော်လည်း ပေးမည်လော၊ အိမ်ရှေ့အရာဌသော်လည်း ထားမည်လော၊ ငါကား ကိုယ်မပါ ဦးခေါင်းချည်းသာဖြစ်သော်လည်း မင်းပြုလိုသည်ဟု သဝဏ်စာနှင့် စေလွှတ်လိုက်သတဲ့။

ဗာရာဏသီမင်းကြီးလည်း အကြောင်းစုံကို ကြားသိရလျှင် အမတ်တို့ကို ခေါ်ငင်ပြီး "အမတ်တို့ ယခု ဦးခေါင်းချည်းသာရှိသူက နန်းတက်မင်းပြုလိုတယ်လို့ ဆိုလာတယ် အံ့ဖွယ်ရှိပေစွ၊ ဘယ်သို့ ကြံကြကုန်မည်နည်း" လို့ မှူးမတ်တို့ကို တိုင်ပင်တော်မူသတဲ့။

အဲဒီအခါမှာ အမတ်တို့က "အရှင်မင်းကြီး ပညာကျယ်သော်ကြီးငယ်မဟူသော ပညာရှင်ကို အလိုလိုက်လျော့မှ ချမ်းသာသုခ ရနိုင်ပါတယ်၊ ကျွန်တော်မျိုးတို့ စုံစမ်းပါဦးမယ်" လို့ လျှောက်တင်ကြသတဲ့။

mgyoe.com

mgyoe.com

အဲဒီနောက်မှာ အမှုးအမတ်တို့ဟာ ငဦးခေါင်းရဲ့ အရည်အချင်းပညာစွမ်းကို စုံစမ်းကြတဲ့အခါ အထူးထူးသော ရုပ်သဏ္ဍာန်ကို ဖန်တီးနိုင်တဲ့အတတ်ကိုတတ်ကြောင်း သိရှိကြတဲ့အတွက် မင်းကြီးကို ပြန်လည်တင်လျှောက်ကြသတဲ့။

"အရှင်မင်းကြီး ငဦးခေါင်းအား မလေးမစား မပြုသင့်ပါ။ ပညာရှင်အမှန်ဖြစ်ပါကြောင်းပါဘုရား၊ ချီးမြှင့်တော်မူမှ သင့်မြတ်မည်ဖြစ်ကြောင်း ရွှေဖဝါးတော်အောက် လျှောက်ထားဝံ့ပါသည်ဘုရား" လို့ တင်လျှောက်ကြသတဲ့။

ဒီအခါ မင်းကြီးက "မှုးမတ်တို့ ကိုယ်မပါဘဲ ဦးခေါင်းချည်းသက်သက်ရှိသူကို မည်သို့မြှောက်စားရမည်နည်း" လို့ မေးမြန်းတော်မူတယ်။

"အရှင်မင်းကြီး ငဦးခေါင်းကို အသာအယာခေါ်၍ အတတ်ပညာစွမ်းကို ပြစေသင့်ပါသည်ဘုရား" လို့ အမတ်တို့ တင်လျှောက်ကြတဲ့အတွက် မင်းကြီးသည် ငဦးခေါင်းအား နန်းတော်သို့ပင့်ဖိတ်ပြီး "မင်းပြုလိုလျှင် အသင်၏ အတတ်ပညာစွမ်းကို ပြရမည်" လို့ မိန့်ကြားတယ်။

ငဦးခေါင်းဟာ နတ်ဘီလူးများ သင်ကြားပေးလိုက်တဲ့ အထူးထူးသော ရုပ်ပြအတတ်ကို ပြလိုတာကြောင့် နှင်းဘူးငယ်ကို ဖွင့်လိုက်တယ်။ အဲဒီအခါ ဆင်မြင်းဗိုလ်ပါ စစ်အင်္ဂါတို့ဟာ စဉ်ကာ စဉ်ကာ ထွက်လာလိုက်ကြကာ မြေပြင်အပြည့်မျှရှိသတဲ့။

ဗာရာဏသီမင်းကြီးလည်း စိုးရိမ်ထိတ်လန့်တော်မူတဲ့အတွက် ငဦးခေါင်းကို အိမ်ရှေ့အရာ အပ်နှင်းလိုက်ရသတဲ့။

ငဦးခေါင်းလည်း အိမ်ရှေ့ဥပရာဇာဖြစ်လာတယ်ဆိုရင်ပဲ ခြေလက်အင်္ဂါနဲ့ကိုယ်ခန္ဓာတို့ စုံလင်စွာထွက်ပေါ်လာပြီး မင်းစည်းစိမ်ကို ကောင်းစွာခံစားရသတဲ့ကွယ်။

mgyoe.com

mgyoe.com

ဤ၁ဒဏ္ဍာရီကို ထောက်ရှုပြီး "ပညာသည် ကြီးငယ်မဆိုသာ" လို့ ရှေးသူဟောင်းတို့ ဆိုရိုးပြုကြသတဲ့။

ဒါကြောင့် လောကကြောင်းရာထွေထွေ ထူးထွေဆန်းပြား အကြောင်းတရား ပြဿနာအသီးသီးမှာ အယုတ်အလတ် အမြတ် မရွေး ကြီးသေးမဟူ ဉာဏ်ပညာသာလျှင် အကြီးအမှူး အခေါင်အချုပ် ဖြစ်လို့ ပညာရှိကဝိတို့ကို မြတ်နိုးသင့်ကြပါသတဲ့ကွယ်။

■

mgyoe.com



mgyoe.com

mgyoe.com

# အကြံကုန် ဂဠုန်ဆားချက်

တစ်ခါတုန်းက နဂါးတစ်ကောင်ဟာ လှိုဏ်ခေါင်းပေါက်တဲ့ တောအုပ်တစ်ခုမှာ မြူးထူးပျော်ရွှင်စွာနဲ့ ကျက်စားနေသတဲ့။ ထိုအချိန်မှာပဲ ထိုတောအုပ် လှိုဏ်ခေါင်းဆီကို ဘုရင်တစ်ပါးဟာ ရံရွေတော်အများနဲ့ တောကစားထွက်ကြွလာသတဲ့။

မကြာခင်မှာပဲ နဂါးကိုတွေ့မြင်တဲ့ ဂဠုန်ငှက်မင်းဟာ အတောင်ကိုအုပ်ပြီး နဂါးကို ထိုးသုတ်ရန်ပြုသတဲ့။ ဒီအခါမှာ နဂါးဟာ ရုတ်တရက် လုလင်သဏ္ဍာန်ဖန်ဆင်းပြီး ဘုရင့်အခြွေအရံများအကြား ချဉ်းကပ်တိုးဝင်ပြီး ရန်ဘေးကို ဖျောက်ခဲ့သတဲ့။

ထိုအခါ ဂဠုန်ဟာ စဉ်းစားတယ်။ "နဂါးပြေးတာကို ငါမမြင်လိုက်ရပါလား၊ ဧကန္တ ဉာဏ်များတဲ့နဂါးဟာ ဘုရင့်ရံရွေတွေအကြား၊ အခြွေအရံတွေကြား လူယောင်ဆောင်နေတာပဲဖြစ်မယ်လို့ အတွေးပေါက်ပြီး ဒါဖြင့် ငါလည်း သင်းလိုပြုကျင့်မှဖြစ်မယ်လို့ ကြံပြီး ဂဠုန်လည်း လူယောင်ဖန်ဆင်းကာ ဘုရင့်ခြွေရံတွေထဲရောနှောပြီး တစေ့တစောင့် နဂါးကို ရှာဖွေလေသတဲ့။

mgyoe.com

ထိုအခိုက်မှာပဲ ထိုတောခွင်အရပ်ကို ခရီးသည် လူအများ ဖြတ်သန်းသွားလာပြန်သတဲ့။ အဲဒီအခါ နဂါးဟာ ဂဠုန်တော့ ဘုရင့် ခြေရံကြားရောက်နေပြီ၊ သူ့ကို ငါလုည့်စားနိုင်မှ ငါ့အသက် ချမ်းသာ မယ်လို့တွေးပြီး တောအုပ်ဖြတ် ခရီးသည်တွေကြား ရုတ်တရက် ရောနှောလိုက်ပါသွားသတဲ့။

ဘုရင့်အမှုထမ်း အယောင်ဆောင် ဂဠုန်ဟာ အခြွေအရံတွေ ကြားမှာ နဂါးကို ရှာပေမဲ့ မတွေ့တော့ဘူးတဲ့။ ဒီအခါမှာ ဂဠုန်ဟာ သူ့ခေါင်းတွင်းရှိသမျှအကြံတွေကို ဖျစ်ညှစ်ထုတ်ပြီး နဂါး ဘယ်ရောက် သွားသလဲ သဲကြီးမဲကြီး စဉ်းစားရပြန်တယ်။

စဉ်းစားရင်း တောအုပ်လမ်းခရီးမှာ လူအများ ဖြတ်သန်း သွားကြပုံကို မြင်တွေ့မိလို့ "အိုကွဲ... နဂါး ငါ့လက်က လွတ်မတဲ့လား။ နင့်အကြံလောက်များ ဂဠုန်တောင်ဟုန် တစ်ချက်ခတ်ပဲ ရှိတယ်" လို့ စိတ်ထဲက ကြုံးဝါးပြီး ကသုတ်ကရက် ခရီးသွားတို့ဆီ အမီလိုက်ရပြန် တာပေါ့ကွယ်။

ဂဠုန်ဟာ လူအသွင်နဲ့ သူ့ကိုဖမ်းဖို့ ခရီးသည်တွေဆီ ရောက်လာ တာနဲ့ ချက်ချင်း နဂါးကလည်း သိတယ်။ ဂဠုန်မဖမ်းမီ လွတ်ရာ မျှော်မှန်းရင်းက ပင်လယ်ကမ်းစပ်တစ်ခုဆီအရောက် ရုတ်တရက် လူအယောင်ဖျောက် မူလနဂါးအသွင် ချက်ချင်းပင် ဖန်ဆင်းပြီး ပင်လယ်တွင်း လျှိုးငုပ်လို့ နဂါးမျိုးတို့စံရာဌာနေ ဘောဂဝတီနဂါးပြည်ကို သုတ်ခြေတင်ပါရော... တဲ့။

ဒီအခါမှာ ဂဠုန်ဟာ အကြံတွေကုန်လို့ မာန်ဟုန်ကိုလျှော့ အားခွေပျော့မိသတဲ့။ ပါးစပ်နားရောက်မှ ငါ့ရဲ့အစာ ပင်လယ်တွင်း သက်ဆင်းလို့ ခွာတာကြောင့် အသည်းဆတ်ဆတ်ခါနာမိသတဲ့။

သို့ပေမဲ့ မာန်ဟုန်ပြင်းတဲ့ ဂဠုန်မင်းဟာ နဂါးရဲ့အသံား

mgyoe.com

ငါမစားရမချင်း ဒီအရပ်က မခွာဘူး။ တစ်ချိန်တော့ နဂါးပြန်တက်လာမှာပဲလို့ အတွေးတွေ စိတ်ကူးပြီး ကမ်းစပ်က ဆားချက်အလုပ်သမားတွေကြားမှာ အလုပ်သမားအသွင် ဖန်ဆင်းပြီး အတူရောနှောလုပ်ကိုင်ရင်း နဂါးအလာကို စောင့်မျှော်နေသတဲ့။

ဂဠုန် အကြံသမား ဆားချက်သမားဟာ နဂါး တစ်နေ့ လာနိုး လာနိုးနဲ့ ပင်လယ်ဆီမျှော်လိုက် ဆားချက်လိုက်နဲ့ နဂါးရဲ့ ကျောသားမစားရဘဲ မိမိမှာသာ ကျောပြောင်နေစား တစ်နေ့တခြား အကြံများကုန်လာသတဲ့။

ဒီလိုနဲ့ မျှော်ရင်း မျှော်ရင်း နေ့ကို လစား၊ အချိန်များသာကုန်လွန်လာပြီး ဂဠုန်ဆားချက်သမားလည်း ဇရာဖိစီး အသက်ကြီးလာတော့သတဲ့။ ဒီလိုနဲ့ပဲ ဆားချက်ရာက ရတဲ့ဒဏ်ရာ၊ မီးပူတဲ့အနာနဲ့ ဇရာနှစ်ခုတွဲပြီး တစ်နေ့သောအခါမှာ ခန္ဓာကြွေစဲသွားရသတဲ့ကွယ်။

ဤပုံပြင်လေးကို ထောက်ပြီး 'အကြံကုန် ဂဠုန်ဆားချက်' ဆိုတဲ့ စကားပုံပေါ်ပေါက်လာရတယ်။

ဒါကြောင့် လောဘတဏှာတပ်မက်လာရင် ကြံမိကြံရာ ဟန်ကျမကျ မစဉ်းစားဘဲ အကြံကုန် ဂဠုန်ဆားချက်သကဲ့သို့ မပြုသင့်ကြောင်း လူကြီးသူမများ ဆုံးမကြသတဲ့။

■

mgyoe.com



mgyoe.com

mgyoe.com

# တောင်ငူလည်း တောင်ငူ
# မောင်းထောင်လည်း မောင်းထောင်

အမရပူရ နေပြည်တော်မှာ ဘိုးတော်ဘုရား မင်းပြုစဉ်အခါပေါ့ ကွယ်။ သာသနာပိုင်ဟာ မောင်းထောင်ဆရာတော် ဖြစ်တယ်။

ဘိုးတော်ဘုရားရဲ့ သားတော်တစ်ပါးဖြစ်တဲ့ မောင်အူဟာ တောင်ငူမြို့ကို စားရတဲ့အတွက် တောင်ငူမင်းသားလို့လည်း ခေါ်တာပေါ့။ တောင်ငူမင်းသား ကိုးကွယ်တဲ့ဆရာတော်ဟာ ဦးတေဇလို့ အမည်တွင်တယ်။

တစ်နေ့မှာတော့ သာသနာပိုင် မောင်းထောင်ဆရာတော်က တောင်ငူမင်းသားရဲ့ဆရာဖြစ်တဲ့ ဘုန်းကြီး ဦးတေဇကို အမိန့်တော်နဲ့ ဆင့်ခေါ်လိုက်တယ်။

ဦးတေဇ မောင်းထောင်ဆရာတော်ကျောင်းရောက်တဲ့အခါ ဆရာတော်က ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက်၊ ဥဒ္ဒသိက္ခာ၊ မူလသိက္ခာ စတဲ့ ကျမ်းတွေကို ပါဠိနိဿယအကုန်အစင် အာဂုံနှုတ်တက်ပြန်ဆိုစေတယ်။

mgyoe.com

မင်းသားရဲ့ဆရာလည်း မနေသာတော့ဘဲ နှုတ်တက်ပြန်ဆိုရာမှာ တချို့ကိုရ၊ တချို့လည်း မေ့လျော့နေလို့ မပြန်ဆိုနိုင်ဘဲ ဖြစ်နေရတယ်။

ဒါနဲ့ သာသနာပိုင်ကလည်း မရမနေ ပြန်ဆိုရမယ်လို့ အထပ်ထပ်ပြန်ဆိုစေသတဲ့။ နောက်ဆုံးမရတဲ့အတွက် ဦးတေဇကို ကျောင်းတိုက်အတွင်းမှာ အမှိုက်လှည်း သဲကျုံးသဲဖို့ ရေခပ်စေခြင်းဖြင့် ရေဒဏ်သဲဒဏ်ပေးသတဲ့။

အဲဒီအကြောင်းကို တောင်ငူမင်းသားသိတဲ့အခါ မောင်းထောင်ဆရာတော်ထံ ဝင်ရောက်ပြီး "အရှင်ဘုရား တပည့်တော်ရဲ့ဆရာဟာ ဝိနည်းတော်ကျမ်းစာ မပြန်ဆိုနိုင်တာနဲ့ ဝိနည်းသိက္ခာပုဒ်နဲ့ ဆန့်ကျင်လွဲမှားတယ်လို့ ပြောနိုင်ပါ့မလား" လို့ လျှောက်တယ်။

အဲဒီအခါ သာသနာပိုင်ဆရာတော်က "မင်းသား သင့်ဆရာတော်ဟာ အကျင့်သိက္ခာ ပျက်ယွင်းတယ်လို့ ငါမဆို၊ စာမရ၍သာ ငါဒဏ်ပေးခြင်းဖြစ်တယ်" လို့ မိန့်တယ်။

တောင်ငူမင်းသားကလည်း "အရှင်ဘုရား စာမရသော်လည်း အကျင့်သိက္ခာမပျက်လျှင် သည်းခံတော်မူသင့်ပါတယ်၊ ယခု နည်းငယ်မေ့လျော့နေတဲ့စာများ နောင်လေ့ကျက်လျှင် ရနိုင်မည်ဖြစ်ပါတယ်ဘုရား" လို့ လျှောက်ထားသတဲ့။

မောင်းထောင်ဆရာတော်ကလည်း "မင်းသား သင့်ဆရာဟာ ဝိနည်းသိက္ခာကျမ်းကို နှုတ်တက်ဆောင်ထားသင့်လျက် မဆောင်၍ နောင်မှတ်စေရန် ငါဒဏ်ပေးခြင်းဖြစ်တယ်" လို့ မိန့်ပြန်သတဲ့။

တောင်ငူမင်းသားကလည်း ထပ်မံပြီး လျှောက်ပြန်တယ်။ "အရှင်ဘုရား ဤမျှများပြားတဲ့စာများကို ယခုချက်ချင်း အကုန်အစင်ပြန်ဆိုနိုင်ရန်မှာ ခဲယဉ်းလှပါတယ်။ အချိန်ပေး လေ့ကျက်ပြန်ဆိုစေပြီး

mgyoe.com

mgyoe.com

မရတဲ့အခါမှ ဒဏ်ပေးသင့်ပါတယ်၊ ယခု အရှင်ဘုရားပေးသည့်ဒဏ် ကြောင့် တပည့်တော်ရဲ့ဆရာမှာ ပင်ပန်းလှပါတယ်၊ သည်းခံတော်မူပါ ဘုရား" လို့ လျှောက်ပြန်သတဲ့။

ဒီအခါမှာ သာသနာပိုင် မောင်းထောင်ဆရာတော်က မင်းသား စကားကြောရှည်ရမည်လောဆိုပြီး ငေါက်ငမ်းကြိမ်းမောင်းကာ ထွေးခံ ဖြင့် ပစ်ပေါက်လိုက်တယ်။

တောင်ငူမင်းသားလည်း ဇာတိမာန်နဲ့ ထွေးခံကို ကောက်ယူပြီး ဆရာတော်ထံ ပြန်လှန်ပစ်ခတ်ပြန်တယ်။ ဒီအခါ ဆရာတော်က နေရာ ကထပြီး မင်းသားကို ခြေဖြင့်ကန်၊ မင်းသားကလည်း အရှုံးမပေးဘဲ လုံးထွေးသတ်ပုတ်တော့တယ်။

အဲဒီအခြင်းအရာကို မဟာဒဏ်ဝန် ကြားသိရတဲ့အခါ အပြေး အလွှား လာရောက်ဖျန်ဖြေမှ အေးငြိမ်းသွားတော့တယ်။

တောင်ငူမင်းသားလည်း သူ့ဆရာ ဦးတေဇကိုပင့်ပြီး တောင်ငူ ပြန်ကြွတော့တယ်။

အဲဒီသတင်းကို ဘိုးတော်မင်းတရားကြီးကြားတဲ့အခါ အကြောင်း အရပ်ရပ်ကို မေးမြန်းစုံစမ်းပြီး "အင်း... တောင်ငူကလည်း တောင်ငူပဲ၊ မောင်းထောင်ကလည်း မောင်းထောင်ပဲ" လို့ မိန့်တော်မူသတဲ့။

ဒီနောက်မှာတော့ ဘိုးတော်ဘုရားဟာ စိတ်မချမ်းမြေ့ဖြစ်လို့ တောင်ငူမင်းသားကို ငယ်ကတည်းက ဆုံးမနိုင်နင်းတဲ့ ရန်ကုန်မြို့ဝန် ဦးကျော်ရွှေကို နေပြည်တော်သို့ ဆင့်ခေါ်ပြီး တောင်ငူမင်းသားနဲ့ မောင်းထောင်ဆရာတော်တို့ရဲ့ အဖြစ်အပျက်ကို မိန့်ကြားပြီး စေ့စပ် ပြေငြိမ်းအောင် ဆောင်ရွက်ဖို့ တာဝန်ပေးအပ်လိုက်တယ်။

ဝန်ကြီးဦးကျော်ရွှေဟာ တောင်ငူမင်းသားကို ချော့မော့ဖျောင်းဖျ ဆုံးမပြီးနောက် မကြာမီမှာပဲ နန်းတော် ဇေတဝန်ဆောင်မှာ သာသနာပိုင်

mgyoe.com

မောင်းထောင်ဆရာတော်နဲ့တကွ သုဓမ္မာဆရာတော်တို့အား တောင်ငူမင်းသားက ဆွမ်းပင့်ကျွေးဖို့ အစဉ်အစဉ်တစ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့တယ်။

ဆွမ်းပင့်ကျွေးပြီး သံဃာတော်များ ရှေ့မှောက်မှာပဲ သာသနာပိုင်မောင်းထောင်ဆရာတော်ကို တောင်ငူမင်းသားက ရိုသေစွာ ရှိခိုးပြီး အပြစ်ဝန်ချပြီး သည်းခံပါရန် လျှောက်ထားလေသတဲ့။

အဲဒီအခါမှာ ကြွရောက်လာကြတဲ့ ဆရာတော်များသာမက ခမည်းတော် မယ်တော် နန်းတော်သူ နန်းတော်သားအားလုံး ရွှင်ပြုံးကြည်လင်စွာနဲ့ သာဓုခေါ်ကြတယ်။ သာဓုသံဟာ ဇေတဝန်ကိုတောင် လွှမ်းဖုံးသွားသတဲ့။

သာသနာပိုင် မောင်းထောင်ဆရာတော်ကလည်း သာဓု သုံးကြိမ်ခေါ်ပြီး "မင်းရဲ့အပြစ်ကို ငါသည်းခံ၏။ အမှန်တော့ မင်းသားချည်း မှားသည်မဟုတ်၊ ငါလည်း မှားပေတာပဲ၊ မင်းသားလည်း ပုထုဇဉ်၊ ငါလည်း ပုထုဇဉ်၊ ပုထုဇဉ်သဘော လိုက်လျောမိသဖြင့် မှားခဲ့ကြပြီ၊ ပုထုဇဉ်ချင်းတူသော်လည်း ငါသည် ဘုရားရှင်၏တပည့်သား သံဃာဖြစ်၍ ပုထုဇဉ်ကြီးဖြစ်သဖြင့် ငါက ပိုမှားတယ်၊ ဒါကြောင့် မင်းသားလည်း ငါ့အပေါ် အမျက်မပွား ရန်ငြိုးမထားလေနဲ့ သည်းခံပါ" လို့ မိန့်တော်မူပြီးတဲ့အဆုံးမှာ သာဓုသံဟာ ခြိမ့်ခြိမ့်အုန်းအုန်း ပီတိဖုံးလို့ မဆုံးနိုင်ဘူးတဲ့။

သံဃာတော်များအား ဆွမ်းသင်္ကန်းကပ်လှူပြီး ပြန်ကြွကြတဲ့အခါ တောင်ငူမင်းသားဟာ သာသနာပိုင်ဆရာတော်ရဲ့ဖိနပ်ကို ကိုင်ဆောင်လို့ တံခါးနီတိုင်အထိ လိုက်ပို့၊ ဖိနပ်မြေမှာ ရိုသေစွာ ချပေးပြီးမှ နန်းတော်သို့ ပြန်ဝင်လေသတဲ့ကွယ်။

ဤရာဇဝင်အဖြစ်အပျက်ကြောင့် "တောင်ငူလည်း တောင်ငူ၊

mgyoe.com

 mgyoe.com




မောင်းထောင်လည်း မောင်းထောင်" ဆိုတဲ့ အသုံးစကားပုံ ဖြစ်ပေါ်လာတယ်။

ဤရာဇဝင်ကို ထောက်ရှုပြီး ကျောင်းသားလူငယ်များဟာ ဆရာအရှင်ကို မထိမဲ့မြင် မပြုအပ်ဘူး၊ အပြစ်ပြုမိလျှင်လည်း ရှိသေစွာ ရှိခိုးဝန်ချတောင်းပန်မှ သူတော်ကောင်းတို့ ချီးမွမ်းစရာဖြစ်ပေမယ်လို့ မှတ်ယူပြီး လိမ္မာရေးခြား ရှိကြစေဖို့ ရာဇဝင်သင်ခန်းစာတစ်ကွက်ကို ထုတ်နုတ်ဖော်ပြလိုက်ရပါသတဲ့ကွယ်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မကောင်းကြံ ဘေးဒဏ်ထိ

လွန်လေပြီးသောအခါက မာဂဓတိုင်းမှာ စမ္ပကဝန အမည်ရှိတဲ့ စံကားပင်များပေါက်ရောက်တဲ့ စံကားတောတစ်ခုရှိသတဲ့။

အဲဒီတောမှာ သုဗုဒ္ဓိလို့အမည်တွင်တဲ့ ကျီးနဲ့သမင်တို့ဟာ အဆွေခင်ပွန်းအဖြစ် ချစ်ချစ်ခင်ခင် ကာလကြာမြင့်စွာ နေထိုင်လျက် ရှိကြသတဲ့။

တစ်နေ့မှာ မြေခွေးတစ်ကောင်ဟာ အလွန်ဆူဖြိုးတဲ့ သမင်ကို မြင်တဲ့အခါ စားလိုတဲ့အာသာပြင်းပြတာကြောင့် အကောက်ကြံကာ အဆွေခင်ပွန်းဖွဲ့သတဲ့။

"အဆွေသမင်၊ သင့်အား အဆွေခင်ပွန်း ဖွဲ့လိုပါတယ်။ ယနေ့မှစ၍ ငါ့ကို အဆွေခင်ပွန်းအဖြစ် မှတ်ယူပါလော့"

"သင်ကား မည်သူနည်း" လို့ သမင်က ပြန်မေးတဲ့အခါ "အဆွေသမင် ငါကား ဥဒ္ဒကဗုဒ္ဓိမည်သော မြေခွေး ဖြစ်ပါတယ်။ ဤတောအရပ်၌ ငါ့မှာ အဆွေခင်ပွန်းမရှိပါ၊ တိုင်ပင်ဖက် မရှိသော သူသည် လူသေနှင့်ပင် တူပါသည်။ သင့်ကို အဆွေခင်ပွန်း ဖွဲ့လိုသောကြောင့် ငါလာခြင်း ဖြစ်ပါတယ်" လို့ မြေခွေးက ဆိုတယ်။

mgyoe.com

mgyoe.com


သမင်ဟာ မြေခွေးစကားကို ယုံပြီး မိမိနေထိုင်ရာ စံကားတောကို ခေါ်ဆောင်ခဲ့သတဲ့။ အဲဒီအခါ စံကားပင်ပေါ်မှာနေတဲ့ ကျီးက မြေခွေးကို မြင်တဲ့အခါ သမင်ကို လှမ်းပြောတယ်။

"အဆွေသမင် သင်ခေါ်လာတဲ့ အဖော်ကား မည်သူနည်း"

"အဆွေကျီး ငါတို့ကို အဆွေခင်ပွန်းဖွဲ့ဖို့လာသော ဉဒ္ဓက ဗုဒ္ဓိအမည်ရှိတဲ့ မြေခွေးဖြစ်ပါတယ်" လို့ ပြန်ပြောတယ်။ အဲဒီအခါမှာ ကျီးက....

"အဆွေသမင် အမျိုးကွဲသောသူစိမ်းနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းသည် မသင့်။ အမျိုးမတူ အမူအကျင့် မသိရသေးတဲ့သူကို တစ်နေ့မျှ ပေါင်းဖော်ခြင်း၊ အတူနေခြင်း မပြုအပ်" လို့ ကျီးက ဆိုတယ်။

အဲဒီလို ကျီးက အမျိုးမျိုးသတိပေးပေမဲ့ သမင်က နားမထောင်ဘဲ မြေခွေးနဲ့ အတူတကွ အစာရှာထွက်ကြတယ်။

တစ်နေ့မှာ မြေခွေးဟာ အကောက်ကြံပြီး မုယောစပါး အလွန်သီးတဲ့အရပ်ကို ညွှန်ပြမယ်လို့ပြောပြီး သမင်ကို ခေါ်ဆောင်သွားသတဲ့။

အဲဒီနောက်မှာ သမင်နဲ့ မြေခွေးဟာ မုယောစပါးကို နေ့တိုင်းသွားစားကြတယ်။ ဒီလိုနဲ့ မုယောစပါးခင်း သမင်လာစားတာ လယ်စောင့် ယောကျာ်းသိရှိသွားသတဲ့။ ဒါနဲ့ ကျော့ကွင်းထောင်ထားပါလေရော။

သမင်ဟာ အဆင်ခြင်မရှိဘဲ နောက်နေ့မှာလည်း လာစားတဲ့အခါ ကျော့ကွင်းမှာ မိပါရောတဲ့။ သမင်ကျော့ကွင်းမှာ မိတယ်ဆိုရင်ပဲ မြေခွေးဟာ ငါ ရှေးကကြံတဲ့ အကြံ ယခုပြည့်ပြီဆိုပြီး အားရဝမ်းသာ ကြည့်ပြီး ဝပ်လျက်နေသတဲ့။

ထိုအခါ သမင်က "အဆွေမြေခွေး၊ ငါ့ကို အနှောင်အဖွဲ့မှ လွတ်အောင် ပြုပါလော့၊ ဘေးအန္တရာယ်ရောက်တဲ့အခါ အဆွေခင်ပွန်း

mgyoe.com